# ပြည်သူများ (လုံး၀) မပေါ့ဆကြပါနှင့်

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဇူလိုင်လ (၈) ရက်

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၇-၇-၂၀၂၀)ရက်နေ့၊ မြန်မာစံတော်ချိန် ည (၇:၀၄)နာရီ အချိန်တွင် ထုတ်ပြန်သော သတင်းအချက်အလက်များအရ -
- တစ်ကမ္ဘာလုံးတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေမှာ **ဓာတ်ခွဲအတည်ပြုလူနာဦးရေ စုစုပေါင်း (၁၁,၅၀၀,၃၀၂) ဦးနှင့် သေဆုံးသူဦးရေ စုစုပေါင်း (၅၃၅,၇၅၉)ဦး** ရှိပါသည်။

ရောဂါဖြစ်ပွားမှုအများဆုံး (၅)နိုင်ငံ၏ အခြေအနေမှာ -

| နိုင်ငံ | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၇-၇-၂၀၂၀) |
|---|---|---|---|---|
| | (၆-၇-၂၀၂၀) | (၇-၇-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာအသစ် | |
| အမေရိကန်ပြည်ထောင်စု | ၂,၈၃၃,၅၅၂ | ၂,၈၇၇,၂၃၈ | ၄၃,၆၈၆ | ၁၂၉,၆၄၃ |
| ဘရာဇီး | ၁,၅၇၇,၀၀၄ | ၁,၆၀၃,၀၅၅ | ၂၆,၀၅၁ | ၆၄,၈၆၇ |
| အိန္ဒိယ | ၆၉၇,၄၁၃ | ၇၁၉,၆၆၅ | ၂၂,၂၅၂ | ၂၀,၁၆၀ |
| ရုရှ | ၆၈၇,၈၆၂ | ၆၉၄,၂၃၀ | ၆,၃၆၈ | ၁၀,၄၉၄ |
| ပီရူး | ၂၉၉,၀၈၀ | ၃၀၂,၇၁၈ | ၃,၆၃၈ | ၁၀,၅၈၉ |

အိမ်နီးချင်းနှင့် အရှေ့တောင်အာရှဒေသနိုင်ငံအချို့၏ အခြေအနေမှာ -

| နိုင်ငံ | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၇-၇-၂၀၂၀) |
|---|---|---|---|---|
| | (၆-၇-၂၀၂၀) | (၇-၇-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာအသစ် | |
| ပါကစ္စတန် | ၂၃၁,၈၁၈ | ၂၃၄,၅၀၉ | ၂,၆၉၁ | ၄,၈၃၉ |
| ဘင်္ဂလားဒေ့ရှ် | ၁၆၂,၄၁၇ | ၁၆၅,၆၁၈ | ၃,၂၀၁ | ၂,၀၉၆ |
| တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၈၅,၃၂၀ | ၈၅,၃၄၅ | ၂၅ | ၄,၆၄၈ |
| အင်ဒိုနီးရှား | ၆၃,၇၄၉ | ၆၄,၉၅၈ | ၁,၂၀၉ | ၃,၂၄၁ |
| စင်္ကာပူ | ၄၄,၈၀၀ | ၄၄,၉၈၃ | ၁၈၃ | ၂၆ |
| ထိုင်း | ၃,၁၉၅ | ၃,၁၉၅ | ၀ | ၅၈ |

ဤကဲ့သို့ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကူးစက်ဖြစ်ပွားသေဆုံးမှုများ ဆက်လက်များပြားလျက်ရှိသောကြောင့် ပြည်သူများအနေဖြင့် ပေါ့ဆမှု (လုံးဝ) မရှိဘဲ အောက်ပါအချက်များကို ဆက်လက်လိုက်နာကျင့်သုံးပါက မြန်မာနိုင်ငံ၌ COVID-19 ကူးစက်မှုဒုတိယလှိုင်းဖြစ်ရန် အလားအလာ အလွန်နည်းပါမည်။

(က) တတ်နိုင်သမျှ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) တစ်ဦးနှင့် တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ကြပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆)ပေ အကွာမှသာ နေထိုင်ပြောဆိုဆက်ဆံကြပါရန်။

(ဂ) အပြင်ထွက်တိုင်းနှင့် လူစုလူဝေးရှိသည့်နေရာများသို့ သွားသည့်အခါတိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ကြပါရန်။

(ဃ) လက်တွင်ကပ်ပါလာနိုင်သော ပိုးရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောကြပါရန်။

ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန